# သူးမွဲကလိုး သဘောတူညီချက်
# အမျိုးသားသွေးစည်းညီညွတ်ရေးနှီးနှောဖလှယ်ပွဲ

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းစုံ မှီတင်းနေထိုင်သည့် တိုင်းပြည်ဖြစ်သည်။ ခေတ်သစ်မြန်မာ့သမိုင်းတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်များညီနိုင်း၍ တည်ဆောက်ထားသော အမျိုးသားသွေးစည်း ညီညွတ်မှု အင်အားဖြင့် မြန်မာပြည်လွတ်လပ်ရေးကို ရယူနိုင်ခဲ့သော်လည်း ဗိုလ်ချုပ်ကျဆုံးမှုနှင့်အတူ အမျိုးသား သွေးစည်းညီညွတ်ရေးသည်လည်း လွင့်ပါးပျောက်ကွယ်ခဲ့ရသည်။

စစ်အာဏာရှင်စနစ်အောက်တွင် နှစ်ပေါင်းများစွာ အဖိနှိပ်ခံရခြင်း၏ အကျိုးဆက်အဖြစ် အမျိုးသားသွေးစည်း ညီညွတ်မှုပြိုကွဲလျက် တိုင်းပြည်ကြေပြုန်းပျက်သုဉ်းမည့် ဘေးအန္တရာယ်ကြီးကို ရင်ဆိုင်နေရသည့် အချိန်အခါ ဖြစ်ပေ သည်။ တိုင်းရင်းသားလူမျိုးပေါင်းစုံတို့၏ လက်ငင်းလိုအပ်ချက်ဖြစ်သော စစ်အာဏာရှင်စနစ်ဖျက်သိမ်းရေး၊ ခေတ်မီ တိုးတက်၍ သာယာဝပြောသော ထာဝစဉ်ငြိမ်းအေးသာယာသည့် လူ့အဖွဲ့အစည်းတည်ဆောက်ရေးတို့ကို အမျိုးသားသွေးစည်းညီညွတ်မှု အင်အားဖြင့်သာ အကောင်အထည်ဖော်နိုင်မည်ဖြစ်သည်။ သို့ပါ၍ အမျိုးသား သွေးစည်းညီညွတ်မှု တည်ဆောက်ရေးလုပ်ငန်းသည် ယနေ့ကာလ တိုင်းရင်းသားပေါင်းစုံပြည်သူတို့အတွက် အဓိက ကျသော လုပ်ငန်းစဉ်ဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည် ခေါင်းဆောင်သော အမျိုးသားဒီမိုကရေစီအဖွဲ့သည် တိုင်းရင်းသားကိုယ်စားပြုပါတီများနှင့် ပူးတွဲလျက် ယင်းတာဝန်ကို တက်ကြွစွာ ထမ်းဆောင်နေသည့်နည်းတူ အောက်တွင် လက်မှတ်ရေးထိုးထားသည့် အဖွဲ့အစည်း (၂၃) ဖွဲ့သည်လည်း ၁၉၉၈ခုနှစ် ဒီဇင်ဘာလ (၁၂) ရက်နေ့မှ (၁၄) ရက်နေ့အထိ (၃) ရက်တိုင်တိုင် ကော်သူးလေပြည်နယ် သူးမွဲကလိုးတွင် အမျိုးသားသွေးစည်းညီညွတ်ရေး နှီးနှောဖလှယ်ပွဲကြီးကို အောင်မြင်စွာ ကျင်းပ၍ အောက်ဖော်ပြပါ အချက်အလက်များကို တညီတညွတ်တည်း သဘောတူဆုံးဖြတ်ကြပါသည်။ ၎င်းသဘောတူညီဆုံးဖြတ်ချက်များမှာ–

၁။ ၁၉၄၇ ခုနှစ်တွင် ချုပ်ဆိုသည့် ပင်လုံစာချုပ်နှင့် ယင်းစာချုပ်ဆိုင်ရာ ကတိကဝတ်များ၊ ၁၉၉၀ ပြည့်နှစ်တွင် ထုတ်ပြန်သည့် ဗိုလ်အောင်ကျော်လမ်းထုတ်ပြန်ကြေငြာချက်၊ ၁၉၉၂ခုနှစ်တွင် ချုပ်ဆိုသည့် မာနယ်ပလော စာချုပ်၊ ၁၉၉၇ခုနှစ်တွင်ပြုလုပ်သည့် မယ်သရောထ သဘောတူညီချက်များသည် တိုင်းရင်းသားလူမျိုးများ၊ ပြည်သူများ၏ အခြေခံအကျိုးစီးပွားကို ကိုယ်စားပြုသည့် သမိုင်းဝင်သဘောတူညီချက်ဖြစ်သည်ဟု မှတ်ယူ သည်။

၂။ မြန်မာပြည်၏ လက်ရှိပဋိပက္ခသည် ဖိနှိပ်အုပ်စိုးသူ စစ်အာဏာရှင်အုပ်စုကတဖက်၊ အဖိနှိပ်ခံ တိုင်းရင်းသား လူမျိုးပေါင်းစုံ ပြည်သူလူထုကြီးကတဖက် ဖြစ်ပွားနေသည့် ပဋိပက္ခဖြစ်ပြီး၊ ယင်းပဋိပက္ခကြီးသည် တနေ့တခြား ပိုမိုပြင်းထန်လာနေသည့်အတွက် အဆုံးအဖြတ်ကာလတခုသို့ပင် ရောက်ရှိနေသည်ဟု တညီတညွတ်တည်း သုံးသပ်ကြသည်။

၃။ နဝတ/နအဖစစ်အာဏာရှင် ကြီးစိုးမှုကြောင့် ယနေ့မြန်မာပြည်တွင် ဒီမိုကရေစီဆိတ်သုဉ်းခြင်းနှင့် အမျိုးသား အခွင့်အရေး ဆုံးရှုံးခြင်းတို့ ဖြစ်ပေါ်နေရသည်။ ထို့ကြောင့် စစ်အာဏာရှင်ကြီးစိုးမှုကို ဖျက်သိမ်းပစ်ရန်မှာ တိုင်းပြည်၏ အဓိကဘုံလုပ်ငန်းတာဝန်ဖြစ်သည်ဟု တညီတညွတ်တည်း သဘောတူဆုံးဖြတ်သည်။

၄။ နဝတ/နအဖ စစ်အာဏာရှင်ကြီးစိုးမှု တိုက်ဖျက်ရေးတွင် လူမျိုး၊ဘာသာ၊အယူဝါဒ၊လက်ဝဲလက်ယာ မခွဲခြားဘဲ ပါတီ၊ အဖွဲ့အစည်းများ အားလုံး၊လူပုဂ္ဂိုလ်များအားလုံး အနိမ့်ဆုံးဖြစ်နိုင်သည့်အဆင့်မှစတင်၍ လက်တွဲ ဆောင်ရွက်သွားကြရန် သဘောတူဆုံးဖြတ်သည်။

၅။ နဝတ/နအဖသည် အမျိုးသားညီလာခံကို ဦးစီးကျင်းပခွင့်မရှိပေ။ လက်ရှိပြုလုပ်နေသည့် အမျိုးသားညီလာခံ သည် အတုအယောင်အမျိုးသားညီလာခံဖြစ်၍ လုံးဝတရားမဝင်ချေ။ ထို့ကြောင့် ၎င်းအမျိုးသားညီလာခံအား လုံးဝ အသိအမှတ်မပြုကြောင်း တညီတညွတ်တည်း သဘောတူဆုံးဖြတ်သည်။

၆။ တိုင်းရင်းသားလူမျိုးပေါင်းစုံပြည်သူများ၏ ဆန္ဒနှင့်အညီ ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးရန် တညီတညွတ်တည်း သဘောတူ ဆုံးဖြတ်သည်။

၇။ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့် အခွင့်အရေးအပြည့်အဝရှိပြီး အမျိုးသားပြည်နယ်များ စုပေါင်းပါဝင်ဖွဲ့စည်းထားသည့် စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရန် သဘောတူဆုံးဖြတ်သည်။

၈။ ၁၉၉၀ ပြည့်ရွေးကောက်ပွဲအနိုင်ရ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် တိုင်းရင်းသားပါတီ ကိုယ်စားပြုပါတီ (၄) ပါတီ၏ ပြည်သူ့လွှတ်တော်အစည်းအဝေးခေါ်ယူရန်တောင်းဆိုခြင်း၊ လွှတ်တော်ကိုယ်စားပြုကော်မတီဖွဲ့စည်းခြင်း၊ လွှတ်တော်ရေးရာကော်မတီများကို ဖွဲ့စည်းခြင်းများအား ထောက်ခံကြောင်း သဘောတူဆုံးဖြတ်သည်။

၉။ ဤနီးနှောဖလှယ်ပွဲမှ သုံးပွင့်ဆိုင် တွေ့ဆုံဆွေးနွေးမှုပေါ်ပေါက်ရေးကို လတ်တလောလုပ်ငန်းစဉ်အဖြစ် ပူးပေါင်းကြိုးပမ်းသွားကြရန် သဘောတူဆုံးဖြတ်သည်။

၁၀။ ကမ္ဘာ့ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ မြန်မာပြည်ဒီမိုကရေစီထွန်းကားရေးနှင့် ငြိမ်းချမ်းမှု ဖြစ်ထွန်းရေးအတွက် တက်ကြွစွာ ပါဝင်ဆောင်ရွက်လာမှုများအပေါ် ကြိုဆိုထောက်ခံသည်။ ၁၉၉၈ခုနှစ် ကမ္ဘာ့ကုလသမဂ္ဂ၏ မြန်မာပြည်ဆိုင်ရာ ဆုံးဖြတ်ချက်များသည် တည့်မတ်မှန်ကန်သော ဆုံးဖြတ်ချက်များဖြစ်၍ တာဝန်ရှိသူများအနေဖြင့် လက်တွေ့အကောင်အထည်ဖော်ရန် တညီတညွတ်တည်း တောင်းဆိုသည်။

၁၁။ မြန်မာပြည်အတွင်း မူးယစ်ဆေးဝါးစိုက်ပျိုးထုတ်လုပ်မှု၊ ရောင်းဝယ်မှု ပြည်ပတင်ပို့မှုများတွင် နအဖစစ်အုပ်စု၏ အဓိကပါဝင်ပတ်သက်နေမှုကို ဆန့်ကျင်ရှုတ်ချကြောင်း သဘောတူဆုံးဖြတ်သည်။

၁၂။ နအဖစစ်အာဏာရှင် ကြီးစိုးမှုရှိနေသည့် ကာလအတွင်း မြန်မာပြည်အတွင်း မည်သည့် ရင်းနှီးမြှပ်နှံမှုမှန်သမျှ ပြည်ပမှ ဝင်ရောက်မပြုလုပ်ရန် တောင်းဆိုကြောင်း သဘောတူဆုံးဖြတ်သည်။

၁၃။ ဤ အမျိုးသားသွေးစည်း ညီညွတ်ရေး နီးနှောဖလှယ်ပွဲမှ ဆုံးဖြတ်ထားသည့် သဘောတူဆုံးဖြတ်ချက်များကို ဆက်လက်ထိန်းသိမ်း အကောင်အထည်ဖော်ရန်အတွက် နီးနှောဖလှယ်ပွဲသို့ တက်ရောက်ကြသည့် အဖွဲ့အားလုံး တာဝန်ယူရန်၊ စည်းရုံးညှိနှိုင်းရေး ကော်မတီတရပ်ဖွဲ့စည်း၍ ဆက်လက်အကောင်အထည်ဖော်သွားရန် ဆုံးဖြတ်သည်။

၁၉၉၈ ခုနှစ်၊ ဒီဇင်ဘာလ (၁၄) ရက်။

**<u>အတည်ပြုလက်မှတ်ရေးထိုးသူများ</u>**

ဦးတင်မောင်သက်

ဥက္ကဌ
မြန်မာနိုင်ငံလုံးဆိုင်ရာ မွတ်ဆလင်အစည်းအရုံး (ABMU)

ဦးမျိုးဝင်း
အတွင်းရေးမှူး (၂)
မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (ABSDF)

ဦးသာနိုး
အတွင်းရေးမှူး
ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ် (ALD)

စောဂျက်ကော့
ဗဟိုစည်းရုံးရေးကော်မတီဝင်
ဗမာပြည်ကွန်မြူနစ်ပါတီ (CPB)

ဦးမြတ်သူ
ဥက္ကဋ္ဌ
မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများအဖွဲ့ချုပ် (ABSL)

အရှင်ခေမာစာရ
ဥက္ကဋ္ဌ
မြန်မာနိုင်ငံလုံးဆိုင်ရာ ရဟန်းပျိုသမဂ္ဂ (ABYMU)

ဆလိုင်းရွှေခါး(ရ်)
အတွင်းရေးမှူး၊ ပြည်ပဆက်ဆံရေးတာဝန်ခံ
ချင်းအမျိုးသားတပ်ဦး (CNF)

စောရွှေဆိုင်း
ဒု-ဥက္ကဋ္ဌ
ကရင်အမျိုးသားအစည်းအရုံး (KNU)

ဦးစိုးလွင်
ဒု-ဥက္ကဋ္ဌ
မြိတ်-ထားဝယ်ညီညွတ်ရေးတပ်ဦး (MDUF)

ဆလိုင်းထနယ်လွှယ်
ကိုယ်စားလှယ်
ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (CNLD)

ဘီကြာဦး
အထွေထွေအတွင်းရေးမှူး
လားဟူဒီမိုကရက်တစ်တပ်ဦး (LDF)

ဦးဒယ်နီရယ်အောင်
အဖွဲ့ဝင်
ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖွဲ့ (MPU)

ခိုင်မျိုးမင်း
အထွေထွေအတွင်းရေးမှူး
ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP)

ဦးဇော်နိုင်ဦး
အထွေထွေအတွင်းရေးမှူး
လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (DPNS)

ဦးကျော်လှ
ဥက္ကဋ္ဌ
မြန်မာနိုင်ငံ မွတ်ဆလင်လွတ်မြောက်ရေးအဖွဲ့ (MLO)

ဦးကျော်ထက်
ဥက္ကဌ
ပြည်သူ့ကာကွယ်ရေးတပ် (PDF)

ဗမက ခွန်ဥက္ကာ
ဥက္ကဌ
ပအိုဝ်းပြည်သူ့လွတ်မြောက်ရေးအဖွဲ့ (PPLO)

မဟာဆန်း
ဥက္ကဌ
ဝအမျိုးသားအဖွဲ့ (WNO)

ဦးအေးဆောင်
အထွေထွေအတွင်းရေးမှူးချုပ်
ပြည်သူ့လွတ်မြောက်ရေးတပ်ဦး (PLF)

ခွန်ကြာနု
ကိုယ်စားလှယ်
ရှမ်းဒီမိုကရက်တစ်အစည်းအရုံး (SDU)

မိုင်အိုက်ဖုန်း
တွဲဘက်အတွင်းရေးမှူး
ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး (PSLF)

ဦးသန်းထွဋ်
အတွင်းရေးမှူး
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) (NLD-LA)

ဦးအောင်မြင့်
အထွေထွေအတွင်းရေးမှူး
ပြည်သူ့ပြည်ချစ်ပါတီ (PPP)

ဦးမောင်မောင်လတ်
အဖွဲ့ဝင်
ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖွဲ့ (MPU)